## စရိုက်နှင့် ကမ္မဋ္ဌာန်း

| စဉ် | စရိုက် (၆)ပါး | ကမ္မဋ္ဌာန်း (၄၀) | ဈာန်ရ | ဈာန်မရ |
|---|---|---|---|---|
| ၁။ | ရာဂစရိုက် | အသုဘ(၁၀)ပါး၊ ကာယဂတာသတိ | ပဌမဈာန် | |
| ၂။ | ဒေါသစရိုက် | မေတ္တာ၊ကရုဏာ၊မုဒိတာ၊<br>ဥပေက္ခာ၊<br>နီလစသော ကသိုဏ်း(၄)ပါး | စတုတ္ထဈာန်အထိ<br>ပဉ္စမဈာန်သာ<br>ပဉ္စမဈာန်အထိ | |
| ၃။ | မောဟစရိုက်<br>ဝိတက်စရိုက် | အာနာပါန | ပဉ္စမဈာန်အထိ | |
| ၄။ | သဒ္ဓါစရိုက် | ဗုဒ္ဓါနုဿတိစသော (၆)ပါး | | ဈာန်မရ |
| ၅။ | ဗုဒ္ဓိစရိုက် | မရဏဿတိ၊ ဥပသမာနုဿတိ၊<br>အာဟာရေပဋိကူလသညာ၊<br>ဓာတ်ကြီး (၄)ပါး | | ဈာန်မရ |
| ၆။ | စရိုက် (၆)ပါးလုံး | ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊<br>အာကာသ၊အာလောက<br>ကသိုဏ်း(၆)ပါး၊<br>အာရုပ္ပ (၄)ပါး | <br><br>ပဉ္စမဈာန်အထိ<br>ပဉ္စမဈာန်သာ | |

*(အဘိဓမ္မတ္ထသင်္ဂဟ၊ဝိသုဒ္ဓိမဂ်၊၁၁၀)*

## ဈာန်ရ နှင့် မရ ကမ္မဋ္ဌာန်း

| စဉ်။ | ဈာန် | ကမ္မဋ္ဌာန်း |
|---|---|---|
| ၁။ | ပဌမဈာန်ရ | ကသိုဏ်း(၁၀)ပါး၊အသုဘ(၁၀)ပါး၊ကာယဂတာသတိ၊အာနာပါနဿတိ၊<br>မေတ္တာ၊ကရုဏာ၊မုဒိတာ၊ ကမ္မဋ္ဌာန်း (၂၅)ပါး |
| ၂။ | ဒု-တ-စ-ဈာန်ရ | ကသိုဏ်း(၁၀)ပါး၊အာနာပါနဿတိ၊ မေတ္တာ၊ကရုဏာ၊မုဒိတာ၊<br>ကမ္မဋ္ဌာန်း (၁၄)ပါး |
| ၃။ | ပဉ္စမဈာန်ရ | ကသိုဏ်း(၁၀)ပါး၊အာနာပါနဿတိ၊ဥပေက္ခာ၊ ကမ္မဋ္ဌာန်း (၁၂)ပါး |
| ၄။ | ဈာန်မရ | ဗုဒ္ဓါနုဿတိစသောအနုဿတိ(၆)ပါး၊ မရဏဿတိ၊ ဥပသမာနုဿတိ၊<br>အာဟာရေပဋိကူလသညာ၊ ဓာတ် (စတုဓာတုဝဝတ္ထာန်)၊<br>ကမ္မဋ္ဌာန်း (၁၀)ပါး |

## ပညတ်၊ပရမတ်အာရုံ နှင့် ကမ္မဋ္ဌာန်းများ

| စဉ်။ | (က) ပညတ်အာရုံ ကမ္မဋ္ဌာန်း (၂၈)ပါး | (ခ) ပရမတ်အာရုံ ကမ္မဋ္ဌာန်း (၁၂)ပါး |
|---|---|---|
| ၁။ | ကသိုဏ်းပညတ်(၁၀)၊အသုဘပညတ်(၁၀)၊<br>ကာယဂတာသတိပညတ်၊အာနာပါနဿတိပညတ်၊<br>ပြဟ္မဝိဟာရတရားတို့၏အာရုံဖြစ်သော<br>သတ္တဝါပညတ်(၄)၊<br>အာကာသပညတ်၊နတ္ထိဘောပညတ်၊ | ဗုဒ္ဓါနုဿတိစသောအနုဿတိ(၆)၊ မရဏဿတိ<br>ဥပသမာနုဿတိ၊ အာဟာရေပဋိကူလသညာ၊<br>ဓာတ်(စတုဓာတုဝဝတ္ထာန်)၊<br>အာကာသာနဉ္စာယတနစိတ်၊<br>အာကိဉ္စညာယတနစိတ်၊ |

## ဘုံများ နှင့် ကမ္မဋ္ဌာန်းများ

| စဉ် | ဘုံ | ကမ္မဋ္ဌာန်း |
|---|---|---|
| ၁။ | လူ့ဘုံ | သမထကမ္မဋ္ဌာန်း (၄၀) လုံးရသည်၊ |
| ၂။ | နတ်ပြည်(၆)ဘုံ | အသုဘ(၁၀)၊ ကာယဂတာသတိ၊<br>အာဟာရေပဋိကူလသညာကြဉ်သော ကမ္မဋ္ဌာန်း (၂၈)ပါး၊<br>ရသည်၊ |
| ၃။ | အသညသတ်ကြဉ်သော ရူပ (၁၅)ဘုံ | အသုဘ(၁၀)၊ ကာယဂတာသတိ၊ အာနာပါနဿတိ၊<br>အာဟာရေပဋိကူလသညာကြဉ်သော<br>ကမ္မဋ္ဌာန်း(၂၇)ပါးရသည်၊ |
| ၄။ | အာကာသာနဉ္စာယတနဘုံ | အာရုပ္ပကမ္မဋ္ဌာန်း (၄)ပါး ရသည်၊ |
| ၅။ | ဝိညာနဉ္စာယတနဘုံ | အာကာသာနဉ္စာယတနစျာန်ကြဉ်သော အာရုပ္ပကမ္မဋ္ဌာန်း<br>(၃)ပါးရသည်၊ |
| ၆။ | အာကိဉ္စညာယတနဘုံ | အာကာသာနဉ္စာယတနစျာန်၊ဝိညာနဉ္စာယတနစျာန်ကြဉ်သော<br>အာရုပ္ပကမ္မဋ္ဌာန်း(၂)ပါးရသည်၊ |
| ၇။ | နေဝသညာနာသညာယတနဘုံ | နေဝသညာနာသညာယတနစျာန်သာရသည်၊ |

## ဓမ္မကျင့်နည်း (၄) မျိုး

၁။ သမထယာနိကနည်း= သမာဓိကို ရှေ့သွားပြုပြီး ဝိပဿနာကိုနောက်ထားကာ ရှုနည်း။

၂။ ဝိပဿနာယာနိကနည်း=ဝိပဿနာကို ရှေ့သွားပြုပြီး သမာဓိကိုနောက်ထားကာရှုနည်း။

၃။ ယုဂနဒ္ဓနည်း=သမထ ဝိပဿနာတို့ကို အစုံလိုက်တွဲပြီး ရှုနည်း။

၄။ ဓမ္မုဒ္ဓစ္စဝိဂ္ဂဟိတနည်း=တရားနှင့်ပက်သော ဥဒ္ဓစ္စကို ဖယ်ရှား၍ လမ်းမှန်ညွှန်ပြသောနည်း။

## ခုဒ္ဒကပါဌအဋ္ဌကထာ၊ မေတ္တာသုတ်အဖွင့် (၁၉၈)တွင်

ဒေါသစရိုက်ရှိသူအား ဗြဟ္မဝိဟာရတရား (၄)ပါး၊ မောဟစရိုက်ရှိသူအား မရဏာဿတိစသည်၊

ဝိတက်စရိုက်ရှိသူအား အာနာပါနဿတိ၊ ပထဝီကသိုဏ်းစသည်။

ဗုဒ္ဓိစရိုက်ရှိသူအား ဓာတ်ကြီး(၄)ပါးစသည် သင့်လျော်၏ဟုဆို၏။

အမျက်ဒေါသစိတ် ဖြစ်နေလျှင် မေတ္တာပွားပါ။

နှိပ်စက်ညှင်းပန်းလိုစိတ် ဖြစ်နေလျှင် ကရုဏာပွားပါ။

မနာလိုဝန်တိုစိတ် (အရတိ) ဖြစ်နေလျှင် မုဒိတာပွားပါ။

သူတပါးကိုထိပါးခြင်း (ပဋိဃ) ဖြစ်နေလျှင် ဥပေက္ခာပွားပါ။

မာန်မာနဖြစ်နေလျှင် အနိစ္စရှုပါ။ ***(မဟာရာဟုလောဝါဒသုတ်၊ မဇ္ဈိမပဏ္ဏာသ၊၈၃-၉)***

ဝိတက်ဖြစ်နေလျှင် အာနာပါနရှုပါ။ ***(မေဃိယသုတ်၊ ဥဒါန၊၁၁၆)***